**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ကုန်သွယ်ရေးဦးစီးဌာန**

**ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ ( ၃ /၂၀၂၅ )**

ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်

အကြောင်းအရာ။ **Automatic License ဖြင့် ခွင့်ပြုလျက်ရှိသော ကုန်စည် ၉၇ အား ပြင်ဆင်ခွင့်ပြုခြင်း**

၁။ ငွေလျှင်ဘေးအလွန် ပို့ကုန်လုပ်ငန်းများအဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်စေရေးအတွက် Non-Automatic Licensing စနစ်ဖြင့် ခွင့်ပြုလျက်ရှိသော ကုန်စည်လိုင်းများမှ HS Code 10 Digit ဖြင့် ကုန်စည် ၉၇ လိုင်းကို Automatic Licensing စနစ်ဖြင့် ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၅ နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ခွင့်ပြုသွားမည်ဖြစ်ကြောင်း ၉-၆-၂၀၂၅ ရက်စွဲပါ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့် သတင်းလွှာ (၂/၂၀၂၅)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပါသည်။

၂။ အဆိုပါ ကုန်စည် ၉၇ လိုင်းကို ပင်လယ်ရေကြောင်းမှ တင်ပို့ခြင်းအတွက် Automatic Licensing စနစ်ဖြင့် ဆက်လက်ခွင့်ပြုမည်ဖြစ်ပြီး နယ်စပ်မှတင်ပို့ခြင်းအတွက် Non-Automatic Licensing စနစ်ဖြင့်သာ ခွင့်ပြုသွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နယ်စပ်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သည့်သတင်းလွှာ(၂/၂၀၂၅)အရ ခွင့်ပြုလျက်ရှိသော ကုန်စည် ၉၇ လိုင်းအား Non-Automatic Licensing စနစ်ဖြင့် လျှောက်ထားဆောင်ရွက်ရန်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**